# ကိုယ့်ခွန်ကိုယ့်အားဖြင့် ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများဆိုသည်မှာ ကြွားလုံးများသာဖြစ်သည်

ကျနော် အလေးထားပြီး ဖတ်ရှုရသည့် ပြည်တွင်း၌ထုတ်ဝေသော မဂ္ဂဇင်းများ ဂျာနယ်များထဲတွင် "ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် စီးပွားရေး သတင်းမဂ္ဂဇင်း" သည် တစ်အုပ်အပါအဝင်ဖြစ်သည်။ ထိုမဂ္ဂဇင်းထဲတွင် ကျနော့်အတွက် ဖတ်စရာ၊ မှတ်စရာ၊ လေ့လာစရာ၊ ကိုးကားစရာ အချက်အလက်တွေ ပါရှိပါသည်။ ရရှိပါသည်။ ထိုမဂ္ဂဇင်း၌ အခြားမဂ္ဂဇင်းများတွင် ဖော်ပြခွင့်မရသည့် (ဖော်ပြခြင်းမရှိသည့်) အဖြစ်အပျက်၊ အချက်အလက်၊ အကြောင်းအရာများကို ရံဖန်ရံခါဆိုသလို ဖော်ပြလေ့ရှိတတ်သည်။

ထို့အပြင် နှစ်တစ်နှစ် ကုန်ဆုံးသွားသည့်အခါ ကုန်ဆုံးသွားသည့် နှစ်တစ်နှစ်အတွင်းက အဖြစ်အပျက် အကြောင်းအရာများကို စုစည်းပြီး "နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှတ်တိုင်များ" အဖြစ် စုစည်းထုတ်ဝေတတ်သည်။ သို့ဖြင့် တစ်နှစ်စာအဖြစ်အပျက်၊ အချက်အလက်၊ အကြောင်းအရာများ တစုတစည်းတည်း ရရှိသည်။ ယင်းကို ကျနော် သဘောကျနေသည်။ သို့ဖြင့် "ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် စီးပွားရေး သတင်းမဂ္ဂဇင်း" သည် ကျနော် ဂရုတစိုက် အလေးထားဖတ်ရှုရသည့် မဂ္ဂဇင်းများ၊ ဂျာနယ်များစာရင်းတွင် တစ်အုပ်အပါအဝင် ဖြစ်လာပါသည်။

ထိုမဂ္ဂဇင်း၏ထုတ်ဝေသူမှာ တချိန်တခါက မိုးကောင်းခဲ့ဖူးသူ အတွင်းရေးမှူး(၁) ဗိုလ်ခင်ညွန့်၏သား ဒေါက်တာရဲနိုင်ဝင်းပင်ဖြစ်သည်။ ဗိုလ်ခင်ညွန့် အရာကျသွားပြီးသည့်နောက် ရဲနိုင်ဝင်းလည်း ထုတ်ဝေသူဘဝမှ ဈာန်လျှောသွားပုံရသည်။ ယခုအခါ ထုတ်ဝေသူနေရာတွင် ဒေါ်ဝင်းကလျာဆွေဟူသည့် နာမည်လှလှကလေး ရောက်လာသည်။

အာဏာဖြင့် တွင်ကျယ်ခဲ့လေသမျှ အာဏာမဲ့သွားသောအခါ ဘာမျှ တွင်ကျယ်နိုင်ခြင်း မရှိတော့ချေ။ ရေပွက်ပမာပင်။ စစ်အာဏာရှင်စနစ်သည် ပြည်သူလူထုအပေါ်တွင်သာ အညှာအတာကင်းမဲ့စွာ ဖိနှိပ်ရက်စက် သည် မဟုတ်၊ စစ်အုပ်စုတွင်း ဂိုဏ်းဂဏတိုက်ပွဲများတွင်လည်း ရှုံးနိမ့်သွားသူများကို ဤသို့ပင် အညှာအတာ ကင်းလေ့ရှိကြသည်။

စစ်အုပ်စု အတွင်း ဂိုဏ်းဂဏတိုက်ပွဲ ဆိုသည်ကလည်း အမြဲတမ်းရှိနေသည်သာဖြစ်သည်။ သို့သော်လည်း နင်လား ငါလား အထွတ်အထိပ်သို့ ရောက်ရှိလာတော့မှသာ ပြည်သူလူထုက ထင်ထင်ရှားရှားသိလာရသည်။ ပထမတော့ ကောလဟာလလိုလို ဖြစ်နေတတ်သည်။ အာဏာစားခွက် လုပွဲကတော့ အမြဲတမ်းဖြစ်နေသည်။ ကျိတ်ပြီးဖြစ်နေတာနှင့် ပြောင်ပွင့်ထွက်လာခြင်းသာလျှင် ခြားနားသည်။

ယခု ထို "ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန် စီးပွားရေးသတင်းမဂ္ဂဇင်း" (အမှတ် ၁၄၈ နိုဝင်ဘာလ ၂၀၀၇) တွင် ဆောင်းပါး ၂ ပုဒ် ဖော်ပြထားသည်။

တစ်ပုဒ်က မျက်နှာဖုံးဆောင်းပါး (Cover Story) ဖြစ်သည်၊ "အယ်ဒီတာတစ်ဦး" အမည်ဖြင့် "မြန်မာ့စီးပွားရေးဖွံ့ဖြိုးချိန်တန်" (စာမျက်နှာ ၄၂–၄၆)။ အခြားတစ်ပုဒ်က "Associated News" အမည်ဖြင့် "ဆန်စပါးမူဝါဒသစ် အသက်ဝင်ပြီး သုံးနှစ်အလွန်" (စာမျက်နှာ ၈၆–၈၉) ဟူ၍ ဖြစ်ပါသည်။

ဆောင်းပါးနှစ်ပုဒ်စလုံးက (နအဖ) စစ်အစိုးရ၏ မအောင်မြင်သော၊ လော်ရင်းနစ်နေသော၊ အိုးတော်လုပ် ဖုတ်ရင်းမကျတ် ဆိုသလို ဖြစ်နေသော စီးပွားရေးအကောင်အထည်ဖော်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုများကို တစေ့တစောင်း ဖော်ထုတ်ထားပါသည်။

ဆောင်းပါးတွင် သုံးနှုန်းထားသည့် စကားလုံးများကိုကြည့်လိုက်ရုံဖြင့်ပင် ဆင်ဆာဓါးကို ဘယ်လောက်ရှောင်တိမ်း၍ ရေးထားရသည်ကို တွေ့နိုင်ပါသည်။ မျက်နှာဖုံးဆောင်းပါး၏ အမည်ခေါင်းစဉ်ကိုကြည့်ပါ။ "မြန်မာ့စီးပွားရေး ဖွံ့ဖြိုးချိန်တန်" ဟု ရပ်ထားရသည်။ "ပြီ" ဟူသော စကားလုံးကို မထည့်ဝံ့ချေ။ ထို့အပြင် ဆောင်းပါးစာကိုယ်၌လည်း အဘယ်မျှ ခုတ်ထစ်ဖြတ်တောက်ခံလိုက်ရသည်ကိုတော့ ကာယကံရှင် တင်ပြသူကသာ သိနိုင်ပေလိမ့်မည်။

တိုက်ဆိုင်မှုပင် ဖြစ်ပါသည်။ ဤဆောင်းပါးရေးသားနေစဉ် ယခင်က ကြော်ငြာနှင့် ဈေးဝယ်မဂ္ဂဇင်း၏ Contributing Editor ဖြစ်သူ (ကို) ဇေယျာအုန်း၏ ပြောသံကို (ဘီဘီစီ) ရေဒီယိုကတဆင့် ကြားလိုက်ရသည်။ "ဆင်ဆာဖြတ်တောက်ခံရမှု၊ သတင်းစာများတွင် ရေးသားဖော်ပြနေသည်များမှာ ကြွားလုံးတွေသာ ဖြစ်ကြောင်း၊ လွတ်လပ်စွာ ရေးသားဖော်ပြခွင့် မရှိကြောင်း" စသဖြင့်ဖြစ်သည်။ သူလည်း အပြင်သို့ ရောက်လာမှသာ ကျိတ်ခံခဲ့ရသမျှ ဖွင့်အံချရပုံပေါ်ပါသည်။

စစ်အာဏာရှင်စနစ် အောက်တွင် သိသမျှ၊ မြင်သမျှ၊ လိုအပ်ချက်၊ လစ်ဟာချက်၊ ချို့ယွင်းချက်၊ ဝေဖန်ချက်များကို ရေးသား ဖော်ထုတ် တင်ပြခွင့် မရှိချေ။ "လူနဲ့လူချင်း လှည့်ပတ်ခြင်း ကင်းဝေးကြပါစေ" ဟူသည့် မေတ္တာပို့ကိုပင် (နအဖ) စစ်အစိုးရက ခွင့်မပြုပေ။ ဆင်ဆာဖြတ်နေသည်။ စစ်အာဏာရှင်စနစ်အောက်တွင် မည်သူမဆို အသိနှင့် သတိနှင့် နေကြရသည်။ ရေးကြရသည်။ ပြောဆို လုပ်ကိုင်ကြရသည်။

ပညာရှိ သတိဖြစ်ခဲလျှင် အတွယ်အကပ်မှားခဲ့လျှင် ခံကြရမည်။ မင်းခစားနှင့် ပညာတတ်ပညာရှင်များကို မပြောနှင့် ဇေဒင်ဆရာနှင့် အခါပေးဆရာများပင် ဒုက္ခကို ခံကြရသည်။ "တိမ်ကြား" ဘယ်ရောက်သွားသလဲ။ သမိုင်းနောက်ခံ ဆောင်းပါးတွေရေးနေသည့် စာရေးဆရာမကြီး လေသံတိုးသွားသည်တို့မှာ ထင်ရှားသည့် သာဓကများပင်။

သို့ဖြင့် ကျနော်သည် ကျော်ဟိန်းက "အသိနှင့် သတိ" ကြေးသွန်းရုပ်ပွားတော်ကြီး သွန်းလုပ်ကိုးကွယ်သည်ကို သို့လော သို့လော တွေးတောနေမိပါသည်။ အထူးသဖြင့် စာပေ၊ ဂီတနှင့် ရုပ်ရှင်နယ်ပယ်မှ သူများသည် အသိနှင့် သတိနှင့် နေနေကြရသည် မဟုတ်ပါလော။ ပေါ်လစီ ဆောင်းပါး၊ ပေါ်လစီသီချင်း၊ ပေါ်လစီကား ရေးရမည်၊ ဆိုရမည်၊ ရိုက်ရမည်ဆိုလျှင် မည်သူသည် ဟီးရိုးလုပ်၍ ဆန့်ကျင်ငြင်းပယ်နိုင်ဝံ့ပါမည်နည်း။ တက်တက်ကြွကြွ အလုပ်အကျွေးပြုချင်သူတွေ ရှိပါလိမ့်မည်။ သို့သော်လည်း အများစုမှာ အောင့်အီးသည်းခံနေကြရခြင်းသာ ဖြစ်မည်။ အခါအခွင့် သင့်သည့်အခါတိုင်း သူတို့၏ ဆန္ဒအမှန်ကို ဖော်ထုတ်ကြလိမ့်မည်သာ ဖြစ်ပါသည်။

ယခု ကျနော် ရည်ညွှန်းတင်ပြနေသည့် ဆောင်းပါး (၂) ပုဒ်တွင်လည်း ဆောင်းပါးရှင်များက အသိနှင့် သတိကိုယှဉ်၍ ဆင်ဆာဟူသော ကြိုးတန်းပေါ်တွင် လမ်းလျှောက်ထားသည်ကို တွေ့မြင်ရပါသည်။ ဖတ်ရှုရပါသည်။

"မြန်မာ့စီးပွားရေး ဖွံ့ဖြိုးချိန်တန်" ဆောင်းပါးက နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်တွေ ကြီးကြီးမားမား တည်ရှိနေ့ကို ထောက်ပြထားပါသည်။

“အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန်သောရလဒ်များကို ရရှိနိုင်မည်” ဟုလည်း အဓိကအကျဆုံးဖြစ်သည့် နိုင်ငံရေးပြဿနာကို မပျက်မကွက်၊ အမိအရ ဖော်ထုတ်တင်ပြထားပါသည်။ ကောင်းလေစွ။

ဆောင်းပါးရှင်က သူ၏ဆောင်းပါးကို အပိုင်း ၂ ပိုင်းခွဲပြီး တင်ပြထားပါသည်၊ ကျနော့်အနေဖြင့် အဆိုပါဆောင်းပါးနှစ်ပုဒ်အတွင်းမှ အချက်အလက်များကို လိုအပ်သလို ကောက်နုတ်ပြီး ကျနော့်အမြင်များ၊ ဝေဖန်သုံးသပ်ချက်များဖြင့် ဖြည့်စွက်တင်ပြသွားမည် ဖြစ်ပါသည်။

၁၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက် အဆင့် ၃ ဆင့်။

၂၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆင်းရဲမှုလျှော့ချရေးတို့အတွက် အကောင်အထည်ဖော်ရန်လိုအပ်သော အခြေခံပြုပြင်ပြောင်းလဲမှုများ။

အပိုင်း (၁) တွင် ဖော်ပြထားသည့် လိုအပ်ချက် အဆင့် ၃ ဆင့်မှာ –

– အကြမ်းဖျင်း မက်ခရိုစီးပွားရေးအနေအထားသုံးသပ်ချက် (Quick Macro Economic Assessment) တစ်ခုရရှိရေး။

– သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချမှုမှ ရရှိလာသောငွေများကို စနစ်တကျအသုံးချရေး။

– နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး ဦးစားပေးအစီအစဉ်များကို စနစ်တကျသတ်မှတ်ရေး တို့ပင်ဖြစ်ပါသည်။

အဆိုပါ အပိုင်း (၁) ၏ အဆင့် ၃ ဆင့်ကို တဆင့်စီလေ့လာသုံးသပ်ကြည့်ကြပါစို့။

“ဖြစ်ပေါ်နေသော အခြေအနေမှန်ကို စနစ်တကျခွဲခြမ်းစိတ်ဖြာ၍ မည်သည့်အနေအထားသို့ရောက်ရှိနေသည်၊ အနည်းဆုံး မည်သည့် အဆင့်သို့ရောက်ရှိအောင် ပြုပြင်နိုင်မည်တို့ကို သိရှိနိုင်စေရန် မက်ခရိုစီးပွားရေးကိန်းဂဏန်းများ အသင့်အနေအထားတွင် ရှိမနေခြင်းဖြစ်သည်” ဟု ထောက်ပြထားပြီး၊ “ကနဦးအဆင့်တွင် အကောင်အထည်ဖော်သင့်သည်မှာ Quick Macro Economic Assessment ခေါ် အကြမ်းဖျင်း မက်ခရိုစီးပွားရေးအနေအထား သုံးသပ်ချက်တစ်ခု ရရှိရေးဖြစ်သည်” ဟု အကြံပြုထားသည်။

“မက်ခရိုစီးပွားရေးကိန်းဂဏန်းများ အသင့်အနေအထားတွင် ရှိမနေခြင်း”၊ “လောလောဆယ်ရရှိနိုင်သောကိန်းဂဏန်းများက ညွှန်ပြနေသည်မှာ မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် မကွာခြားဘဲရှိနေပြီး GDP ခေါ် တစ်မျိုးသားလုံး ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုသည် ဗီယက်နမ်နိုင်ငံနှင့် မကွာခြားလှသည်ကို ဖော်ပြလျက်ရှိနေ့ါသည်။”

“များစွာသေချာသောအချက်မှာ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ မက်ခရိုစီးပွားရေးအခြေအနေမှန်ကို မထုတ်ဖော်နိုင်လျှပ် ရှေ့ဆက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို စဉ်းစားရန် ရေလိုက်လွဲသွားနိုင်သည်” ဟုပင် သတိပေးထားပါသည်။

ဆောင်းပါးရှင် (အယ်ဒီတာတစ်ဦး) ၏ အဆိုပါတင်ပြချက်များအတိုင်းဆိုလျှပ် (နအဖ) စစ်အစိုးရ၏ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြနေသည့် စီးပွားရေးဖွံ့ဖြိုးမှုကိန်းဂဏန်းတွေ၊ အခြေခံအဆောက်အဦ တည်ဆောက်မှုဆိုင်ရာ အချက်အလက်များသည် မက်ခရိုစီးပွားရေး အခြေအနေမှန်ကို မထုတ်ဖော်နိုင်ဘူး၊ ထုတ်ဖော်နိုင်သည့် အနေအထားတွင်မရှိဟု ဆိုလိုသည့်သဘောဖြစ်နေ့ါသည်။

ဤသို့ဆိုလျှပ် ကြံ့ဖွံ့အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇) တွင် အာဘောင်အာရင်းသန်သန်ဖြင့် တင်ပြသွားကြသည့် ဖွံ့ဖြိုးမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များသည်လည်း (ကို) ဇေယျာအုန်း ပြေပြေလို ဝါဒဖြန့်ချိရေး ကြွားလုံးများပင် ဖြစ်ပေလိမ့်မည်။

မြန်မာပြည်၏ (GDP) သည် ဗီယက်နမ်၏ (GDP) နှင့် မကွာခြားလှဟု ဖော်ပြထားသည်။ တကယ့်လက်တွေ့ဘဝတွင်မူ ဗီယက်နမ်ပြည်သူများ၏ လက်ရှိဘဝနှင့် မြန်မာပြည်သူများ၏ လက်ရှိဘဝသည် အကွာကြီး ကွာလှသည်ကို အာဆီယံကလည်း သိပါသည်။ နိုင်ငံတကာကလည်း သိပါသည်။ ကုလသမဂ္ဂကလည်း သိပါသည်။ ထိုအခြေအနေမှန်ကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ချားပက်ထရီ က အောက်တိုဘာလ ၂၄ ရက်နေ့တွင် ထုတ်ဖော်တင်ပြလိုက်သည်။ ထိုအခါ (နအဖ) စစ်အစိုးရ ကျွဲမြီး အလွန်တိုသွားသည်။ ရှက်ရမ်း ရမ်းပြီး ကုလဌာနေကိုယ်စားလှယ်ကို မြန်မာပြည်ကနေ နှင်ထုတ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ဗီယက်နမ် ထိုင်းတို့နှင့် မကွာဟု ဖော်ပြထားပါသည်။ သို့သော်လည်း နိုင်ငံခြားသို့ ဆန်တင်ပို့ရောင်းချမှုတွင်တော့ ဆင်နဲ့ဆိတ်လို အပုံကြီးကွာပေလိမ့်မည်။ ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံများစာရင်းတွင် ဘိတ်ဆုံးက ရှိလိမ့်မည်။

လွန်ခဲ့သော သုံးလေးနှစ်ခန့်က ဖြစ်မည်ဟု ထင်ပါသည်။ ကမ္ဘာ့ဆန်အများဆုံးရောင်းချသည့် (၁၀) နိုင်ငံစာရင်းတွင် ကျနော်တို့ မြန်မာနိုင်ငံသည် ဟိုးအောက်ဆုံးအဆင့် (၇) တွင်ရှိနေပါသည်။ ၁၉၂၀ မှ ၁၉၄၁ ခုနှစ်အထိ ကိုလိုနီဘဝက နိုင်ငံခြားသို့ ဆန်တင်ပို့ခဲ့သည့် အတိတ်ဟောင်းကို လွမ်းမယ်ဆိုလည်း လွမ်းချင်စရာပါပဲ။ ဒီလိုအတိတ်က အောင်မြင်မှုကို ပြန်လည်ရရှိအောင် ယခုအခါ စတင်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးနယ်ပယ်အတွင်းက ဝန်ထမ်းများက ဆော်ဩနေကြသည်ဟု ဆိုသည်။ ဆန်ဆိုလည်း အတိတ်ဟောင်းကို တမ်းတရသည်။ ဘောလုံးဆိုတော့လည်း အတိတ်ဟောင်းကို လွမ်းတာကရသည်။ ဩ  အတိတ်မှ မလွတ်မြောက်သေးပါလား။

ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်စီမံကိန်းတွေ တစ်ခုပြီးတစ်ခု ဆောက်ခဲ့ပြီ။ နွေစပါး၊ မိုးစပါး စိုက်ဧကများလည်း နိုင်ငံတော် အကြီးအကဲ၏ အမိန့်အရ တစ်နှစ်ထက်တစ်နှစ် တိုးများလာခဲ့ပြီ။ ဆန်စပါးအထွက်နှုန်းလည်း စိုက်ဧကတွေတိုးသလောက် တိုးထွက်လာခဲ့သည်။

သို့သော်လည်း ပြည်တွင်းဆန်ဈေးနှုန်းက လှိုင်းထန်မြဲထန်နေသည်။ မြင့်တက်မြဲ မြင့်တက်နေသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ကြရသော တိုင်းပြည်လူဦးရေ၏ ၇၀ ％ ရှိသော တောင်သူလယ်သမားအများစုကြီးမှာ ဆင်းရဲမြဲ ဆင်းရဲနေကြရသည်။ မွဲတေမြဲ မွဲတေနေကြရသည်။ ပြည်ပ သို့လည်း မျှော်မှန်းထားသလောက် ဆန်မတင်ပို့နိုင်ခဲ့ပါ။

“ဆန်စပါးကို နိုင်ငံတော်ကနေ မကိုင်တွယ်တော့ဘဲ လွတ်လပ်စွာဖွင့်လိုက်ပြီးတဲ့နောက်ပိုင်းမှာ ပုဂ္ဂလိက ကဏ္ဍ (Private Sector) က ထိုင်းတို့ ဗီယက်နမ်တို့လို လုပ်နိုင်လိမ့်မယ်လို့ ကျနော်တို့ မျှော်မှန်းခဲ့တယ်။ ပုဂ္ဂလိက ကဏ္ဍကလည်း ဒီလိုပဲမျှော်မှန်းခဲ့မှာပေ့ါ။ ဒါဆိုလို့ရှိရင် ဒီနေ့အထိ သုံးလေးနှစ်လောက်တောင်မျောနေသေးရင် နောက်ငါးနှစ် ခြောက်နှစ်ကြာ ထပ်မမျောသင့်တော့ဘူး။ ကျနော်တို့ ဒီအချိန်မှာ စည်းစည်းလုံးလုံးနဲ့ ကြိုးပမ်းဖို့လိုနေပြီ” ဟု ဇွန်လ ၂၉ ရက်တွင် UMFCCI ရုံးချုပ်အဆောက်အဦတွင်ကျင်းပခဲ့သော မြန်မာနိုင်ငံ ဆန်စက်

လုပ်ငန်းရှင်များအသင်း၏ (၁၇) ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မျှော်တော်ဇောနဲ့ မောခဲ့ရပုံကို နတ်သံနှောပြီး ဝန်ခံသွားခဲ့ပါသည်။

ဆန်စပါးမူဝါဒသစ်ပြဌာန်းပြီးမှ (၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲဖြင့် ပြဌာန်းခဲ့သည်) ပြည်ပဆန်တင်ပို့မှုက ဆက်တိုက်ဆိုသလို ကျဆင်းခဲ့ရသည်။

## ပြည်ပဆန်တင်ပို့မှု

| စဉ် | ခုနှစ် | တန်ချိန်ပမာဏ | မှတ်ချက် |
|---|---|---|---|
| ၁။ | ၂၀၀၁ – ၂၀၀၂ | ၉ . ၄ သိန်း | } ဆန်စပါးမူဝါဒသစ် မစတင်မီ ပြည်ပဆန်တင်ပို့မှု |
| ၂။ | ၂၀၀၂ – ၂၀၀၃ | ၇ . ၉ သိန်း | |
| ၃။ | ၂၀၀၃ – ၂၀၀၄ | ၁ . ၈ သိန်း | } ဆန်စပါးမူဝါဒသစ်ချမှတ်ပြီးနောက် ပြည်ပဆန်တင်ပို့မှု |
| ၄။ | ၂၀၀၄ – ၂၀၀၅ | ၁ . ၈ သိန်း | |

(၂၀၀၆ – ၂၀၀၇) ဘဏ္ဍာရေးနှစ်၊ နွေစပါး၊ မိုးစပါး စိုက်ဧက ၂၀.၁ သန်း စိုက်ပျိုးထားခဲ့ပြီး၊ ဆန်စပါးတင်းသန်းပေါင်း ၁၄၅၉.၉၅ သန်း ထွက်ရှိခဲ့သည်ဟု သက်ဆိုင်ရာ၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ ပြည်ပသို့ ဆန်မည်မျှတင်ပို့နိုင်ခဲ့ပါသလဲ။ (၂၀၀၄ – ၂၀၀၅) ဘဏ္ဍာရေးနှစ်ကတင်ပို့ခဲ့သော တန်ချိန် ၁.၈ သိန်းဆိုသည့် ပမာဏကို ကျော်လွန်နိုင်ခဲ့ပါသလား။

ယခုနှစ် (၂၀၀၇ – ၂၀၀၈) တွင်လည်း နွေစပါး၊ မိုးစပါး စိုက်ဧက ၂၀.၃ သန်း စိုက်ပျိုးကာ စပါးတင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ လူတဦးချင်း၏ တစ်နှစ် ပျမ်းမျှဆန်စပါး စားသုံးမှုမှာ ၁၅ တင်း ဖြစ်၍ယခုနှစ်တွင် မျှော်မှန်းထားသည့်အတိုင်း ထွက်ရှိလာပါက လူဦးရေသန်း ၁၀၀ အတွက်ပင် ဖူလုံမည်ဟု (နအဖ) စစ်အစိုးရတာဝန်ရှိသူများက လေလုံးထွားကြသည်။ လက်ရှိမြန်မာနိုင်ငံ၏ လူဦးရေမှ ၅၆ သန်းခန့်သာရှိသည်။ ပြည်ပသို့လည်း မျှော်မှန်းထားသလောက် တင်ပို့ရောင်းချနိုင်ခြင်း မရှိ၊ ပြည်တွင်းတွင်လည်း ဆန်ဈေးနှုန်းက ကျဆင်းမသွားချေ၊ ထို ဆန်စပါးတွေ ဘယ်ရောက်သွားပါသလဲ။

ထိုအခါ (နအဖ) စစ်အစိုးရ၏ တရားခံရှာသည့် လက်ညှိုးသည် ဈေးနှုန်းချုပ်ကိုင်ကစားသည့် ဝိသမလောဘသား ကုန်သည်များနှင့် မှောင်ခိုများဘက်သို့ ရောက်သွားသည်။ လောင်စာဆီဈေးနှုန်းတွေ လွန်ခဲ့တဲ့ ဩဂုတ် ၁၅ ရက်တွင် တိုးမြှင့်ခဲ့စဉ်ကတော့ ဈေးကွက်စီးပွားရေးရဲ့ သဘော သဘာဝအရဖြစ်သည်။ ဈေးကွက်က ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ထမင်းရေပူလျှာလွှဲ ပြောခဲ့ကြသည်။ ဆန်ဈေးကြီးမြင့်သည့် ကိစ္စတွင်တော့ တရားခံမှာ ဝိသမလောဘသားကုန်သည်များနှင့် မှောင်ခိုများဖြစ်နေပြန်သည်။ ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်များနှင့် မန္တလေးမြို့တို့တွင် "အမိန့်ရ ဆန်ဆိုင်" များ ဖွင့်လှစ်ကြရသည်။ ထို့နောက် (နအဖ) စစ်အစိုးရတာဝန်ရှိသူများက သတ်မှတ်ပေးသည့်ဈေးနှုန်းဖြင့် ရောင်းချကြရသည်။

သေချာသည်ကတော့ (နအဖ) စစ်အစိုးရ ဖော်ဆောင်နေသည့် ဈေးကွက်စီးပွားရေးတွင် ဈေးနှုန်းချုပ်ကိုင်ဈေးကစားသည့် ဝိသမလောဘသား ကုန်သည်များနှင့် မှောင်ခိုရှိနေခြင်းပင် ဖြစ်သည်။

ဝန်ကြီးဗိုလ်မှူးတင်နိုင်သိန်းကတော့ "လက်ရှိအခြေအနေတွင် ကမ္ဘာ့ဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သော အိမ်နီးချင်းနိုင်ငံ (တရုတ်?) ကို မြန်မာနိုင်ငံမှ ဆန်စပါးများစီးဆင်းမှုရှိနေကြောင်း" UMFCCI ရုံးချုပ်တွင် လွန်ခဲ့သည့်ဇူလိုင်လက ထပ်မံဝန်ခံသွားခဲ့ပြန်သည်။ "စီးဆင်းမှုရှိနေကြောင်း" ဆိုသည်မှာ မှောင်ခိုတင်ပို့ရောင်းချခြင်းကို စကားလုံးတစ်မျိုးဖြင့် ဝန်ခံလိုက်ခြင်းပင် ဖြစ်သည်။ (နအဖ)၏ ဈေးကွက်စီးပွားရေးစနစ် ဆိုသည်မှာ မပီပြင်သော ရွဲ့စောင်းနေသော စီးပွားရေးစနစ်ပင်ဖြစ်ကြောင်း ဖော်ပြချက်ပင်ဖြစ်သည်။

ထို့အပြင် အဆိုပါ မှောင်ခိုတင်ပို့ရောင်းချနေမှုများ၊ စီးဆင်းသွားမှုများကို ဆန်စက်ငယ်ကလေးများ ဆန်ကုန်သည်ကလေးများက ပြုလုပ်ခြင်း မဟုတ်၊ ဆန်စပါးပမာဏများစွာကို ရောင်းနိုင် ဝယ်နိုင် သိုလှောင်နိုင် ကျိတ်ခွဲနိုင်သော ဆန်စပါးကုန်သည်ကြီးများ ကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း အတိအလင်းပင် ဆောင်းပါးရှင်က ထောက်ပြထားသည်။ တဆင့်တက်၍ ပြည်တွင်းဆန်စပါးဈေးနှုန်း လှိုင်းထရခြင်း (ဆန်ဈေးနှုန်းမြင့်တက်ရခြင်း) ၏ အဓိက လက်သည်တရားခံမှာ ထိုသို့ မှောင်ခိုတင်ပို့ရောင်ချနေမှုပင် ဖြစ်သည်ဟု ဖော်ပြထားပါသည်။

လက်တွေ့တွင်လည်း အဆိုပါ ဆန်စပါးကုန်သည်ကြီးများ ကုမ္ပဏီကြီးများသည် (နအဖ) စစ်အစိုးရထံ အလှူငွေ သိန်းရာထောင်ချီ ထည့်ဝင်လှူဒါန်းသူများ ဖြစ်သည်။ အပြန်အလှန်ပင် (နအဖ) စစ်အစိုးရကလည်း "ဇောတိက၊ မဏိဇောတ။ သုမေဓာသီရိ" အစရှိသော ဘွဲ့ထူးဂုဏ်ထူး များပေးအပ်ကာ သူကောင်းပြု မြှောက်စားထားသည်။ ထိုသို့ သူကောင်းပြုထားသည့် "တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ" ကပင် မြန်မာပြည်၏ စီးပွားရေးအသက်သွေးကြောမှန်သမျှကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားကြသည်။ သို့ဖြင့် အာဏာနှင့် ဘဏ္ဍာသည် နှစ်ပင်လိမ်ကြိုးတစ်ချောင်းကဲ့သို့ ပေါင်းစည်းနေသည်။ ဤသည်မှာ စစ်ဗျူရိုကရက်စီးပွားရေးစနစ်၏ ထင်ရှားသည့် လက္ခဏာတရပ်ပင် ဖြစ်တော့သည်။

ထိုသို့ လက်ဝါးကြီးအုပ်ချုပ်ကိုင်နေမှု၊ မျက်နှာသာပေးနေမှုကို ကုန်သည်အလတ်နှင့် အငယ်များက မနှစ်မြို့နိုင်ပဲ ဈေးကွက်စီးပွားရေးသဘောအရ လုပ်ငန်းအားလုံး လွတ်လွတ်လပ်လပ် တပြေးညီယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုနေကြသည်။

တကယ်တော့ (နအဖ) စစ်အစိုးရသည် လက်တစ်ဆုပ်စာ "တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ"နှင့် နှစ်ကိုယ့်တစိတ်ပူးပေါင်းကာ ပြည်တွင်းစီးပွားရေး အသက်သွေးကြောမှန်သမျှ (စိုက်ပျိုးထုတ်လုပ်မှု မှသည် တင်ပို့ရောင်းချဖြန့်ဖြူးမှုအထိ) ကို လက်ဝါးကြီးအုပ် ဝါးမျိုစားသောက်နေခြင်းသာဖြစ်သည်။ "ထူးထရေးဒင်း ကုမ္ပဏီ"သည် ထင်ရှားသည့်သာဓကပင်ဖြစ်သည်။ ထိုကုမ္ပဏီသည် မြန်မာနိုင်ငံ၏ စီးပွားရေး

လုပ်ငန်းများစွာကို ချုပ်ကိုင်လုပ်ကိုင်နေသည်။ မြန်မာတိုင်းရင်းသားတစ်ဦးတည်းပိုင် Air Bagan လေကြောင်းလိုင်းသည်လည်း အဆိုပါ ထူးကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအောက်တွင် ရှိသည်။ "အဲပုဂံ လေကြောင်း" ၏ ဥက္ကဋ္ဌ မှာ တေဇ ဖြစ်သည်။

ထိုသို့ ရရှိပိုင်ဆိုင်ထားသော အာဏာနှင့် ဘဏ္ဍာအရင်းအမြစ်များကြောင့်ပင် (နအဖ) စစ်အစိုးရသည် နိုင်ငံရေးအာဏာ ကုလားထိုင်ပေါ်မှ လွယ်လွယ်ကူကူ ဆင်းမသွားနိုင်ခြင်းဖြစ်သည်။ ဆင်းပေးရန်လည်း ဆန္ဒမရှိချေ။ အသာတကြည်ဆင်းပေးသွားလိမ့်မည် ချောမွေ့စွာ လွှဲပြောင်းပေးလိမ့်မည်ဟု စိတ်ကူးယဉ်နေလျှင် စိတ်ကူးယဉ်သူ၏ အမှားသာ ဖြစ်ပေလိမ့်မည်။ စစ်အာဏာရှင်စနစ်ကို ဖြိုချပစ်မှသာ ရမည်။

ဒုတိယအဆင့်ဖြစ်သည့် "သဘာဝဓါတ်ငွေ့တင်ပို့ရောင်းချမှုမှ ရရှိလာသော ငွေများကို စနစ်တကျအသုံးချရေး" ကိစ္စကို လေ့လာသုံးသပ် ကြည့်ကြပါစို့ …….

"မြန်မာနိုင်ငံ၏ သဘာဝဓါတ်ငွေ့ထုတ်လုပ်တင်ပို့မှုမှာ တဖြည်းဖြည်း ထပ်မံမြင့်တက်လာရန်ရှိနေရာ အဆိုပါဝင်ငွေများကို ရေရှည် အကျိုးစီးပွားအလို့ငှာ စနစ်တကျအသုံးချရေးသည် များစွာအရေးကြီးသောအချက်တစ်ချက်ဖြစ်ပါသည်" ဟု ဆောင်းပါးရှင်က ဖော်ပြထား ပါသည်။

ဤဖော်ပြချက်က ကျားမြီးဆွဲလိုက်သော တင်ပြချက်ဖြစ်သည်။

သဘာဝဓါတ်ငွေ့ရောင်းရငွေများကို (နအဖ) စစ်အစိုးရ ဘယ်လိုသုံးစွဲနေသလဲ ? …

ဘယ်နေရာတွေမှာ သုံးစွဲနေသလဲ၊ ဒီကိစ္စတွေ ပြည်သူအများသိရှိနိုင်စေရန် (နအဖ) စစ်အစိုးရအနေဖြင့် တိတိကျကျ၊ မှန်မှန် ကန်ကန်၊ မြန်မြန်ဆန်ဆန် တင်ပြပေးရန် တာဝန်ရှိပါသည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလအတွက် ပို့ကုန်အများဆုံးတင်ပို့သည့် စာရင်းတွင် …

- မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း ---------------- အမေရိကန်ဒေါ်လာ --------- ၃၅၀ သန်း
- မြန်မာ့သစ်လုပ်ငန်း -------------------------------- ၊ --------- ၅၄ သန်း
- မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ---------- ၊ --------- ၂၀ သန်း

ရရှိခဲ့သည်ဟု ဖော်ပြထားပါသည်။

(၂၀၀၅ – ၂၀၀၆) ဘဏ္ဍာရေးနှစ်တွင် သဘာဝဓါတ်ငွေ့ တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ သန်း ၇၂၀ ကျော်ရရှိခဲ့ပြီး၊ (ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ ၂၀၀၆) တို့တွင် ဓါတ်ငွေ့ပမာဏ များစွာတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စီးပွား/ကူးသန်း ဝန်ကြီး ဌာန၏ စာရင်းဇယားကို ကိုးကားဖော်ပြထားပါသည်။

(၂၀၀၆ – ၂၀၀၇) ဘဏ္ဍာရေးနှစ်တွင် မည်မျှတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဝင်ငွေမည်မျှ ရရှိခဲ့ပါသလဲ ?။ နောက်ထပ်လည်း အိန္ဒိယနှင့် တရုတ် သို့ တင်ပို့ရောင်းချရန် အစီအစဉ်တွေရှိနေသည်။

ဤနေရာတွင် ပို၍ကြေကွဲစရာကောင်းသည်မှာ တိုင်းပြည်ကထွက်သမျှ (ကမ်းလွန်) သဘာဝဓါတ်ငွေ့များကို ပြည်ပသို့ပမာဏ များစွာ တင်ပို့ရောင်းချနေပြီး ပြည်တွင်းသုံးစွဲရန် ကြက်ဆူပင်စိုက်ခိုင်း၍ ကြက်ဆူဆီလောင်စာ အိပ်မက်မက်နေကြခြင်းပင် ဖြစ်သည်။ ကြက်ဆူ ဆီဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတော်သစ်ကြီး မတည်ဆောက်နိုင်ကြောင်း ဦးနှောက်ပုံမှန်ရှိသူတိုင်း သိကြပါသည်။ ယခုတော့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ပြည်သူအားလုံး ကြက်ဆူပင်စိုက်နေရသည်။ တိုင်းမှူးများ၊ ဝန်ကြီးများက ကြက်ဆူခင်းများကို လှည့် လည်ကြည့်ရှုနေကြပြီး လိုအပ်သည်များ ညွှန်ကြားနေကြပါသည်။

(နအဖ) စစ်အစိုးရ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အမြော်အမြင်သည် ဤမျှ တိုလွန်း တိမ်လွန်းပါလားဟု ငြီးတွားယူရသည်။

စွမ်းအင်ဆိုလို့ ဆက်စပ်နေသဖြင့် ဤနေရာတွင် လျှပ်စစ်ဓါတ်အားအကြောင်းကို ပြောရဦးမည်။ သတင်းစာထဲတွင် ရဲရွာ ရေအား လျှပ်စစ်စီမံကိန်းက မဂ္ဂါဝပ် မည်မျှထွက်မည်၊ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းက မဂ္ဂါဝပ် မည်မျှထွက်မည်၊ ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းက မဂ္ဂါဝပ် မည်မျှထွက်မည် စသဖြင့် ပြူးတူးပြဲတဲ ဖော်ပြနေသည်။

လက်တွေ့တွင် မြို့တော်ရန်ကုန်၌ ၂၄ နာရီ လျှပ်စစ်မီး မပေးနိုင် သေးချေ။ ခွဲတမ်းစနစ်ဖြင့် ပေးနေရသည်။ မိုးရွာမှ ရေရမှ လျှပ်စစ်ဓါတ်အား အပြည့်အဝရရှိသည်။ သို့အတွက် မိုးရာသီဖြစ်သည့် (ဇူလိုင်မှ ဒီဇင်ဘာ)တွင် လျှပ်စစ်ဓါတ်အား မပြတ် ပေးနိုင်မည် ဖြစ်သော်လည်း (ဇန်နဝါရီ မှ ဇွန်လအတွင်း) လျှပ်စစ်ဓါတ်အား အပြည့်အဝပေးရန် ခက်ခဲကြောင်း အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဝန်ခံရှာသည်။

လွန်ခဲ့သည့် ၂၀၀၆ မတ်လ ကဆိုလျှင် ရန်ကုန်မြို့ရှိ စက်မှုဇုံများသို့ လျှပ်စစ်မီးပေးဝေမှုမှာ တစ်ရက် တစ်နာရီလောက်သာ ရခဲ့ပြီး၊ ၂၀၀၇ ခုနှစ် မတ်လတွင် တစ်ရက် နေ့ဘက် ၈ နာရီလောက် လာသည်။ သို့အတွက် လုပ်ငန်းများကို မီးလာသည့် အချိန်တွင် လည်ပတ်ရသည် မီးမလာသည့်အခါ ရပ်ထားရသည်။ သို့ဖြင့် ရန်ကုန်မြို့လယ်ရှိ လျှပ်စစ်မီး အသုံးပြုရသော လုပ်ငန်းမှန်သမျှ ဆိုင်ရှေ့တွင် လုပ်ငန်း ပမာဏအလိုက် မီးစက်အကြီးအသေးများ ထားရှိလာရပြီး၊ အပြိုင်အဆိုင် ခုတ်မောင်းနေကြရခြင်း ဖြစ်ပါသည်။ သို့ဖြင့် ရန်ကုန် တစ်မြို့လုံး မီးစက်သံ တညံညံနဲ့ ဆိုသလို ဖြစ်လာသည်။

"တပြည်လုံး အတိုင်းအတာအနေဖြင့် ၂၀၀၈ ခုနှစ်တွင် တပြည်လုံးလျှပ်စစ်မီးလင်းတော့မည်" ဟု ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက (၂၄-၂-၂၀၀၇) ရက်နေ့က UMPCCI အသင်းချုပ် မင်္ဂလာခမ်းမတွင်ပြုလုပ်သည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃)ကြိမ် မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးတွင် ပြောသွားသည်။

တကယ် မီးလင်း၊ မလင်း စောင့်ကြည့်ကြရမည်။

ဆောင်းပါးရှင်က နိုင်ငံစီးပွားဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး အရေးတကြီးလိုအပ်ချက်များအနက်မှ အရေးအကြီးဆုံး ဦးစားပေးအစီအစဉ် များကို အောက်ပါအတိုင်း ဖော်ထုတ်တင်ပြထားပါသည်။

- လျှပ်စစ်ဓါတ်အား အလုံအလောက်ရရှိရေး
- စံမီသော လူသားအရင်းအမြစ်များရရှိရေး

– အခြေခံအဆောက်အဦများ မြှင့်တင်ရေး

– လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်များ၏ဈေးနှုန်း လုပ်သာကိုင်သာရှိရေး

– ဘဏ်လုပ်ငန်းများအပါအဝင် ဘဏ္ဍာအရင်းအမြစ်များရရှိရေးဆိုင်ရာ နည်းလမ်းမြှင့်တင်ရေး

– အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ရေး တို့ဖြစ်သည်။

အပိုင်း (၂) "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမှုလျှော့ချရေးတို့အတွက် အကောင်အထည်ဖော်ရန်လိုအပ်သော အခြေခံပြုပြင်ပြောင်းလဲမှုများ" ကို လေ့လာသုံးသပ်ကြည့်ကြပါစို့။

ဆောင်းပါးရှင်က အောက်ပါအတိုင်း ခွဲခြား၍ တင်ပြထားပါသည်။

(က) ဆန်စပါးကို ဗဟိုပြု၍ အခြားလယ်ယာကဏ္ဍထွက်ကုန်များနှင့်ပတ်သက်သော အထောက်အကူပြု မူဝါဒကြီးတစ်ခု ဖော်ထုတ်ရေး၊

(ခ) အခြေခံလူတန်းစားများ၏ ဝင်ငွေတိုးရေး စီမံချက်များ၊

(ဂ) လူသားအရင်းအမြစ်များ မွေးထုတ်ရေး အစီအမံများ၊

(ဃ) အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးဆိုင်ရာ အစီအမံများ၊

အချက် (က) သည် မြန်မာနိုင်ငံ၏ အများဆုံးလူဦးရေဖြစ်သည့် (တိုင်းပြည်လူဦးရေ၏ ၇၀ ％) တောင်သူလယ်သမားများဘဝ လိုအပ်ချက်များကို ရှေ့ရှုတင်ပြထားသဖြင့် ကျေးဇူးတင်စရာကောင်းလှပါသည်။

တောင်သူလယ်သမား အများစုသည် ပျမ်းမျှအားဖြင့် လယ်နှစ်ဧက သို့မဟုတ် သုံးဧကခန့်ရှိကြပြီး (ပိုင်ဆိုင်သည်ဟု သုံးမထားပါ)၊ နွား တစ်ရှဉ်း ပိုင်ဆိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ငွေပိုငွေလျှံ မရှိ ချေးငွေများနှင့် ရပ်တည်နေရသည်။ ၎င်းတို့ လုပ်သာကိုင်သာရှိစေမည့် ဈေးနှုန်း ရရှိရေး။ လိုအပ်သော သွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည်များ ဝယ်ယူနိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေ (အမတော်ကြေး၊ စိုက်ပျိုးစရိတ်ချေးငွေ စသဖြင့်) ရရှိရေး စသဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ခေတ်တခေတ် ဖန်တီးပေးရန် လိုအပ်လျက်ရှိသည်ဟု ဖော်ပြထားပါသည်။ ကျနော့်အမြင်တွင်မူ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို လုပ်ကြရသော လယ်သမားအများစု၏ ဘဝသစ်တစ်ခု ဖန်တီးပေးရန် လိုအပ်လျက်ရှိသည်ဟု ယူဆပါသည်။

တောင်သူလယ်သမားများ၏ ဘဝအခြေအနေမှန်နှင့်ပတ်သက်သော သတင်းအချက်အလက် မှန်မှန်ကန်ကန် ရရှိရေး၊ ၎င်းတို့၏ အခြေအနေမှန်ကို ဝိုင်းဝန်း ဖုံးဖိမထားရေး၊ တောင်သူလယ်သမားများ ရှင်သန်နိုင်မည့် ဝင်ငွေများရရှိရေးတို့ကိုမူ သဘောတူပါသည်။

တောင်သူလယ်သမားများ၏ ဘဝအခြေအနေမှန်ကို သိရှိရန်နှင့် တကယ့်အဖြစ်မှန်ကို ဝိုင်းဝန်း ဖုံးဖိမထားရန် လိုအပ်ပါသည်။ (နအဖ) စစ်အစိုးရ၏ တာဝန်ရှိသူများ၊ ဆောင်းပါးရှင်ဆိုသူများက လယ်သမားတွေမှာ သွပ်မိုး ပျဉ်ထောင်အိမ်နဲ့ လျှပ်စစ်မီးနဲ့ နေနိုင်ကြပြီဟု ပြောဆိုကြသည်၊ ရေးသားနေကြပါသည်။ အင်မတန်နဲပါးလှသည့် အနဲစုကို တွေ့မြင်ပြီး ပြောကာဆိုကာနှင့် ရေးသားကြခြင်းသာ ဖြစ်ပါလိမ့်မည်။

လယ်သမားအများစုကြီးမှာ ဆင်းရဲမြဲ ဆင်းရဲနေကြပါသည်။ ထုတ်လုပ်စရိတ်ပင် အနိုင်နိုင်ဖြစ်နေရပြီး ဝမ်းစာမနည်းကျန်အောင် လုပ်နေကြရသည်ဟု ငြီးတွားသံများ၊ လယ်မြေအပိုင်စီးမှုကိစ္စများ ကြားသိနေရပါသည်။ သွပ်မိုး ပျဉ်ထောင်အိမ်နဲ့ လျှပ်စစ်မီးနဲ့ နေထိုင်နိုင်ကြပြီဟု ပြောဆိုရေးသားခြင်းမှာ စော်ကားခြင်းတစ်မျိုးပင် ဖြစ်ပါသည်။ တကယ့်အဖြစ်မှန်ဖြစ်သည့် လယ်သမားအများစုကြီး ဆင်းရဲနေတာကို ဖုံးဖိခြင်းပင်ဖြစ်သည်၊ ထိုသို့ ဝိုင်းဝန်းဖုံးဖိကြသူများထဲတွင် တက္ကသိုလ်တင်ခ၊ ငါးမင်းဆွေ၊ မဟာစည်ဆရာတော် (လှိုင်လင်)။ မြင့်စိုး (နတလ) ဆိုသူများသည် ရှေ့ဆုံးကပါဝင်ကြပါသည်။

တောင်သူလယ်သမားအများစုကြီးသည် ရှင်သန်နိုင်သည့်ဝင်ငွေကို မိမိစိုက်ပျိုးထုတ်လုပ်လိုက်သည့် စိုက်ပျိုးသီးနှံများကို ရောင်းချခြင်းမှ မရတော့သည့်အခါ၊ သဘာဝအန္တရယ် (ရာသီဥတု၊ ပိုးမွှား) လယ်ယာအဓမ္မအသိမ်းခံရမှု၊ ချေးငွေများ၏ ဖိဆီးမှုများကို ကြုံလာရသောအခါ၊ လယ်မဲ့ ယာမဲ့ဘဝကို ရောက်ကြရသည်။

ထို့နောက် လယ်ယာမြေကို စွန့်ခွါကျောခိုင်းကာ မြို့ပြများသို့တက်လာကြပြီး ကန်ထရိုက်လုပ်ငန်းများ၊ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်များ၊ စက်မှုဇုံများ၊ ရွှေတွင်း၊ ကျောက်တွင်းများ၊ ဆီအုန်းခြံကြီးများ၊ ဧကထောင်ချီသည့် ရေနက်ကွင်းများသို့ ကျပန်းလုပ်သားများ နေ့စားလုပ်သားများအဖြစ် ရောက်သွားကြရတော့သည်။ အချို့မှာမူ မလေးရှား၊ ထိုင်း၊ တရုတ် အစရှိသော အိမ်နီးချင်းတိုင်းပြည်များသို့ နည်းလမ်းပေါင်းစုံဖြင့် ထွက်ခွါသွားခဲ့ကြတော့သည်။ အချို့မှာ လက်ရှိ စစ်တပ်ကြီး၏ စစ်သားသစ်များအဖြစ် ဝင်ရောက်သွားကြတော့သည်။

လယ်ဧကတွေ တိုးများလာသည်။ စပါးအထွက်နှုန်းလည်း တိုးများလာ ပါသည်။ သို့သော်လည်း ပြောင်းပြန်ပင်၊ လယ်သမားများ၏ ဝင်ငွေကား တိုးများမလာခဲ့ပေ။ လယ်မဲ့ ယာမဲ့ဖြစ်ကာ နောက်ဆုံး ပျံကျလုပ်သား များအဖြစ် ခြေဗလာ လက်ဗလာဖြင့် မြို့ပြများသို့ ရောက်လာခဲ့ရသည်။

ဆန်စပါးဈေးနှုန်းနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုကြရာတွင်လည်း ဆန်စပါးကုန်သည်များ၊ ပွဲစားများ၊ ဆန်စက်ပိုင်ရှင်များ၊ အိတ်စပို့ တင်ပို့သူများ ဆိုသည့် Middle man များ၏ အသံကိုသာ ကြားနေရသည်။ သူတို့နှင့်သက်ဆိုင်သည့် ကုန်သည်များအသင်း၊ စက်ပိုင်များ အသင်း၊ လုပ်ငန်းရှင်များအသင်းတို့သာ ဖွဲ့စည်းတည်ရှိပြီး တောင်သူလယ်သမား၏ အကျိုးစီးပွားနှင့် အသံကို ဖော်ထုတ်နိုင်မည့် ကာကွယ် စောင့်ရှောက်ပေးနိုင်မည့် တောင်သူလယ်သမားသမဂ္ဂများ၊ အစည်းအရုံးများ မရှိသည်မှာလည်း ကြီးမားသော ချို့ယွင်းချက်ကြီးတရပ်ပင် ဖြစ်သည်။ တောင်သူလယ်သမားသမဂ္ဂ အစည်းအရုံးဟုဆိုရာ၌ အနည်းစုဖြစ်သည့် ချမ်းသာသူများ၏ အစည်းအရုံး၊ သမဂ္ဂများ မဖြစ်စေသင့်ဘဲ အများစုဖြစ်သည့် လယ်သမားတို့၏ ကိုယ်စားလှယ်များပါဝင် ဖွဲ့စည်းထားသည့် အစည်းအရုံး၊ သမဂ္ဂမျိုးသာ ဖြစ်ရပေမည်။

ကျနော်တို့ပြောဆိုနေကြသည့် ဖွံ့ဖြိုးတိုးတက်ရေး၊ ချမ်းသာကြွယ်ဝရေးတို့သည် ဒီမိုကရေစီအရေးတို့ ဆိုသည်မှာ တိုင်းပြည်၏ လူများစုဖြစ်သော တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ မြို့နေဆင်းရဲသားများ၊ ဝန်ထမ်းများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ချမ်းသာ

ကြွယ်ဝရေး၊ ဒီမိုကရေစီအရေးတို့သာ ဖြစ်ပါသည်။ အဆိုပါအများစုဖြစ်သည့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အဓိကရှေ့ရှုချက်အဖြစ် ထားရမည်သာဖြစ်ပါသည်။

ဤနေရာတွင် အချက် (ခ)ဖြစ်သည့် "အခြေခံလူတန်းစားများ၏ ဝင်ငွေတိုးရေး စီမံချက်များ" ကို သုံးသပ်တင်ပြပါမည်။

တကယ်တော့ အခြေခံလူတန်းစားဆိုသည်မှာ ...

အများစုမှာ လယ်မဲ့ ယာမဲ့ဘဝဖြင့် မြို့တက်လာကြရသည့် မြို့နေဆင်းရဲသားများ၊ စက်မှုဇုံများမှ အလုပ်သမားများ၊ ပျံကျအလုပ်သမားများ၊ ဈေးသည်ကလေးများ၊ အိမ်ဆိုင်ဖွင့်သူများ၊ မီးသွေးရောင်းသူ၊ မုန့်ဟင်းခါးရောင်းသူ၊ ပဲပြုတ်သည်၊ ဆိုက္ကားသမား၊ လက်လုပ်လက်စား၊ နေ့စားများနှင့် ဝန်ထမ်းများပင် ဖြစ်ပါသည်။ (ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုံများတွင် အလုပ်သမားစုစုပေါင်း ၁၂၀၀၀၀ ကျော်ရှိသည်။ ၎င်းအနက် ၄၀ ရာခိုင်နှုန်းကျော်မှာ လှိုင်သာယာစက်မှုဇုံမှ လုပ်သားများဖြစ်ပါသည်၊)

အခြေခံလူတန်းစားများ၏ သဘောသဘာဝမှာ နိုင်ငံအသီးသီးတွင်လည်း အကာအကွယ်အနည်းဆုံးဖြစ်ရာ ရေလွှမ်းမိုးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများ၊ စီးပွားရေးလှိုင်းဒဏ် လေဒဏ်များ (ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အထွေထွေ လူမှုစရိတ်မြင့်မားခြင်း) ကို ခံနိုင်ရည်အနည်းဆုံး လူထုများဖြစ်ပါသည်။ ၎င်းတို့အတွက် ၎င်းတို့မိသားစုများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ပုံမှန်ဝင်ငွေရရှိရေး အစီအမံများလိုအပ်ပါသည်။ နိုင်ငံအသီးသီးတွင် ထိုအခြေခံလူတန်းစားများအတွက် Social Safety Net ခေါ် လူမှုရေးအကာအကွယ်များ ဖန်တီးပေးရလေ့ရှိပါသည်။ (နအဖ) စစ်အစိုးရတွင် ထိုအစီအစဉ်မျိုး တိတိကျကျ ရှိပါသလား၊ ဘဏ္ဍာငွေ အဘယ်မျှ သတ်မှတ်ထားရှိပါသလဲ ?။

အဆိုပါ အခြေခံလူတန်းစားများသည် ရန်ကုန်မြို့ပတ်လည် ဆင်ခြေဖုံးရှိ မြို့သစ်များတွင် နေထိုင်ကြသူ အများစုဖြစ်ပါသည်။ ၎င်းတို့သည် "နေ့ပြန်တိုး"၊ "နေ့စောင်းတိုး"၊ "ခေါက်ထုတ်" စသည့် ချေးငွေများဖြင့် နေ့စဉ်ဘဝကို ယှဉ်သန်ရပ်တည်နေရသူများဖြစ်သည်။ ထို့အပြင် DMP (Dawn Microfinance Program) အသေးစားချေးငွေအစီအစဉ်ဖြင့် ရပ်တည်နေကြရသည့် မိသားစုများလည်း ရှိသည်။ အဆိုပါ မိသားစုများသည် တစ်နေ့ ဝင်ငွေကျပ် ၁၃၀၀ ခန့်သာ ရရှိကြသူများ ဖြစ်ပါသည်။ အဆိုပါ ချေးငွေအစီအစဉ်ဖြင့် ရွှေပြည်သာ၊ အင်းစိန်၊ သဃ်ာန်းကျွန်း၊ သာကေတ၊ မြောက်ဥက္ကလာပ မြို့နယ်များမှ မိသားစုပေါင်း ၁၂၁၉၉၉ ကို ထုတ်ချေးထားကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်တွင် စီးပွားရေးပါမောက္ခ ဒေါက်တာ မိုဟာမက်ယူနွတ် ဆောင်ရွက်ခဲ့သည့် ဂရာမင်းဘဏ် ကဲ့သို့ပင် ဖြစ်လိမ့်မည်။ ယင်းသို့ အခြေခံလူတန်းစားများ ဆင်းရဲမွဲနေသလောက် (နအဖ) စစ်အစိုးရ ထိပ်သီးများမှာ ချမ်းသာကြွယ်ဝလှသည်။ ထို့အပြင် ဆင်းရဲမွဲတေရသည့် ဖွံ့ဖြိုးတိုးတက်မှု မရှိသည်တို့နှင့်ပတ်သက်၍ ပြင်ပမှ စီးပွားရေး ပိတ်ဆို့မှုကြောင့်ဟု အကြောင်းပြနေသည်။ တကယ်တော့ (နအဖ) စစ်အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုနှင့် အကြီးအကျယ် လာဘ်စားမှုများကြောင့်ပင် ဖြစ်သည်။

"လူသားအရင်းအမြစ်အခြေခံများ မွေးထုတ်ရေးအစီအမံများ" ဆိုသည့် အချက်ကို လေ့လာကြည့်ကြပါဦးစို့။ ဆောင်းပါးရှင်က ဤသို့ ရင်ဖွင့်ထားပါသည်။

"မြန်မာနိုင်ငံအနေဖြင့် တိုးတက်ဖွံ့ဖြိုးနေသော ကမ္ဘာကြီးကို အမီလိုက်နိုင်သော အရည်အသွေးရှိသည့် လူသားအရင်းအမြစ်များ မရှိဘဲ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို အမီလိုက်ရန် မဖြစ်နိုင်ပါ။ ထို အရည်အသွေးရှိသူများကို စနစ်တကျအသုံးချနိုင်သော စီမံခန့်ခွဲသူများ မရှိဘဲ ဖွံ့ဖြိုးရေး ဆိုသည်မှာ မဖြစ်နိုင်ပါ" တဲ့။

"နိုင်ငံတကာကို အမီလိုက်နိုင်သော အရည်အသွေးဆိုရာတွင် သိပ္ပံနှင့် နည်းပညာဆိုင်ရာများသာမက အဖွဲ့အစည်းများကို စီမံခန့်ခွဲခြင်း၊ ဈေးကွက်ကို စီမံခန့်ခွဲခြင်း၊ ကမ္ဘာ့စီးပွားရေးလှိုင်းနှင့်အတူ လိုက်ပါခြင်း စသည့် အရည်အသွေးများကို ကျွမ်းကျင်နှံ့စပ်သော ပညာရှင်များ လိုအပ်ခြင်း ဖြစ်ပါသည်" တဲ့။

"တရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံများသည် လွန်ခဲ့သော ဆယ်စုနှစ်များမှစ၍ ထောင်သောင်းချီသော လူငယ်များကို နိုင်ငံရပ်ခြားသို့ စေလွှတ်ကာ လိုအပ်သောပညာရှင်အရင်းအမြစ်များကို စုဆောင်းခဲ့ကြခြင်းဖြစ်ပါသည်" ဟု ဆိုထားပါသည်။

(နအဖ) စစ်အစိုးရသည် လွန်ခဲ့သည့် ဆယ်စုနှစ် ၂ စုနီးပါးကာလအတွင်း လူငယ်များကို နှစ်ရှည်ထောင်ဒဏ်များ ချပြီး၊ တိုင်းပြည်အနှံ့ အကျဉ်းထောင်များသို့ ပို့ခဲ့သည်။ အချို့လူငယ်များသည် ထို အကျဉ်းထောင်များအတွင်း နှိပ်စက်ညှင်းပန်းမှု အမျိုးမျိုး၏ဒဏ်ကြောင့် သေဆုံးခဲ့ကြရသည်။ အချို့ကို တောတွင်းသို့ မောင်းထုတ်ခဲ့ပြီး အချို့ကို နောက်ပိုင်းတွင် တိုင်းပြည်မှ နည်းလမ်းအမျိုးမျိုးဖြင့် ထွက်ခွါစေခဲ့ပါသည်။

အခြားတစ်ဖက်တွင် သူတို့၏ သားသမီးများ၊ တပည့်တပန်းများ၏ သားသမီးများ၊ ဆွေမျိုးများကိုတော့ နိုင်ငံရပ်ခြားသို့ စီးပွားရေး၊ ပညာရေးများ လေ့လာသင်ယူနိုင်အောင် စေလွှတ်ခဲ့ပါသည်။

သို့အတွက် အားလုံးကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် (နအဖ) စစ်အစိုးရ၌ စနစ်ကျနပြီး ကျွမ်းကျင်သောစီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုလည်း မရှိ။ အရည်အသွေးရှိသည့် လူသားအရင်းအမြစ်များကိုလည်း ဖန်တီးမွေးထုတ်နိုင်ခြင်းလည်း မရှိပါ။

အခြားတစ်ဖက်တွင် တည်ရှိနေသော နိုင်ငံရေးပြဿနာများကိုလည်း ပြေလည်အောင် ဖြေရှင်းနိုင်စွမ်း မရှိပါ။ ဖြေရှင်းလိုသည့် ဆန္ဒလည်း မရှိပါ။

ထို့အပြင် နိုင်ငံတကာမှရရှိလာသည့် အကူအညီမျိုးစုံကိုလည်း ၎င်းတို့ အာဏာတည်မြဲရေးအတွက်သာ ဦးတည်၍ အသုံးချခဲ့ပါသည်။ အသုံးချနေဆဲ ဖြစ်ပါသည်။

သို့ပါ၍ (နအဖ) စစ်အစိုးရ ထိပ်သီးများပြောဆိုနေကြသည့်၊ သတင်းစာများတွင် ရေးသားဖော်ပြနေကြသည့် "ကိုယ့်ခွန် ကိုယ့်အားဖြင့်ရရှိ လာသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ" ဆိုသည်မှာ လိမ်ညာဝါဒဖြန့်ချိရန်ဖြစ်သည့် ကြွားလုံးများသာဖြစ်ပါသည်။

တူမောင်ညို